ဘူးလားပေါ့။ တေဇောဘမ်း လိမ်း ခဏ ပျောက်တယ်။နိုပ် ပြူ။နာတယ် ဒူးနာတယ်တဲ့ ကြားလား။ စဉ်းစားဖို့မကောင်းလား။ ဘုရားပေးတဲ့ ဝိဇ္ဇာမျက်မှန်တပ်ကြည့်တော့ ဒူးလား၊ အဆင်းဓါတ်လား။ အဆင်းဓါတ်ကွဲ့။ ကဲ ဒူးရအောင် ရှာကြ။ ရှာစမ်း ဒူးခေါင်း။ ဒူးရှာကြ။သြော် တရားမနာဖူးဘူး ထင်တယ်။ အင်… ဒါကြောင့် စွန်းလွန်းဆရာတော်ဘုရားက အရှိကိုကြည့် မရှိတာကို မြင်တတ်တယ်။ ကြောင်တောင်ကန်းတဲ့ ကွဲ့။ စဉ်းစားဖို့ မကောင်းလား။ ကဲ ရှာကြစမ်းပေါ့ မတွေ့ဘူး။

ဒါကြောင့် အသိ မစုံတာ စကား မစုံတာ။ အသိ စုံမယ် စကားစုံမယ်ဆို သုတဝါ အရိယာသာဝကော။ သုတ အကြားအမြင်ရှိ အရိယာဖြစ်တယ်လို့မပြောဘူးလား။ ကဲ သညာက္ခန္ဓာဖယ်ထား။ ဒူးခေါင်း တခြား ရှိသေးရဲ့လား။ကဲ ဒူးခေါင်း တွေ့တာလား။ သညာက္ခန္ဓာလား။ သြော် မျက်စိက ကြည့်တော့ အဆင်းကွဲ့။ ဒူးလား အဆင်းဓါတ်လား။ ဒူးလို့သိတာ သညာက္ခန္ဓာ။ သညာက္ခန္ဓာက လွဲလို့ ဒူး တခြား ရှိသေးရဲ့လား။ ကဲ ဒူးထင်လို့ ကိုင်စမ်းကြည့် ဒူးတွေ့မလား မာတာ တွေ့မလား။ မာတာ ပထဝီကွဲ့။ စဉ်းစားဖို့ မကောင်းလား။ မျက်စိက ကြည့်တော့ ဒူးလား အဆင်းဓါတ်လား။ ကဲအဆင်းကို လက်နဲ့ ကိုင်စမ်းကြည့် အဆင်း တွေ့မလား မာတာ တွေ့မလား။သြော် အဆင်း မျက်စိက မြင်ရတာနော်။ စဉ်းစားဖို့ မကောင်းလား။ ကဲ မာတာ တွေ့တယ်။ မျက်စိနဲ့ကြည့်တော့ မာတာလား။ အဆင်း ဓါတ်လား။ သူ့ဒွါရနဲ့ သူ့အာရုံကွဲ့နော်။ ဒူးဆိုတာ သညာက္ခန္ဓာ စဉ်းစားဖို့ မကောင်းဘူး လား။ ကဲ စိစစ်တော့ သညာက္ခန္ဓာတွေ့တယ်။

သညာက္ခန္ဓာ ခန္ဓာငါးပါးထဲမှာ အရှုခံထဲမှာ မပါဘူးလား။ ပါတယ်။ ဒါကြောင့် မြင်တာကို သညာ ဖုံးတယ်။ မြင်တာက အဆင်းဓါတ်ကို မြင်တာ။ သညာက ဒူးခေါင်း။ မြင်တာ အဆင်းဓါတ်ကို မြင်တာ။ သညာက မင်းသမီး။ မြင်တာ အဆင်းဓါတ်ကိုမြင်တာ။ သညာက မင်းသား။ စိစစ်ဖို့ မကောင်းလား။ အဲလို လေ့လာဖို့ လိုတယ်ကွဲ့။ ထိထိမိမိ သဘောပေါက်ဖို့ လိုတယ်။ အရှိနဲ့အသိနဲ့ ထပ်သွားဖို့ လိုတာ။ မလိုဘူးလား။ သိမှ ပယ်နိုင်တာ မသိ ပယ်နိုင်ပ့ါမလား။ သိအောင် ကြိုးစားဗျာ့။

<u>ထိသိ သတိ။</u>

ဒါမို့ တရား နာတာ။ တရား ပျောက်တော့ ကိုယ်မှာ ရှာ၊ကိုယ်မှာ ရှာတော့ တရားတွေ့တယ်

(အသံ ပြတ်တောက်…)။

ထွက်တာသိ ဝင်တာသိတဲ့ နော်။ ထိထိမိမိ ဝင်တယ်ဆိုတာ ထိပြီးကာမှ ဝင်သွားတာ။ မထိဘဲနဲ့ သိပါမလား။ ထွက်တယ်ဆိုတာ ထိပြီးကာမှ ထွက်တာနော်။ ထိသိသတိလို့မပြောဘူးလား။ ထိတာ သက်သက်က စဉ်းစား သူတွေ ငါတွေလား ဝါယောဓါတ်လား။ နာခေါင်းလား ဝါယောဓါတ်လား။ ဝါယော ဓာတ်လို့ သိတာ သူငါလား ကာယဝိညာဏ်လား။ ကာယဝိညာဏ်က နာမ်တရား မရလား။

ဝါယောက ရုပ်တရား။ နာမ်ရုပ်နှစ်ပါး လူလား နာမ်နဲ့ရုပ်လား။ နွားခေါင်းလား နာမ်နဲ့ရုပ်လား။ အနံ့နဲ့ ကျတော့ ဃာနပေါ့။ ဝါယော ကျတော့ကာ ဒါနွားခေါင်းတပ်ပြားသော်လည်း ကာယနော်။ အကြည် ဓာတ် ရှိလို့ ထိလို့ သိတာပေါ့။ ဒီလို ဆိုတော့ မသိနိုင်ဘူးလား။ အေး အဲဒါ ဉာတပရိညာ ပိုင်းခြားလို့ သိ။ ဒါကြောင့်မို့ စဉ်းစား။ ဝါယောဓါတ်လို့ သိဖို့ လိုတာ ပထဝီဓါတ်။ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်။ အေး… လေ့လာကြ။

တနည်းတကြောင်း လေဓါတ်အောင်းသော်၊ ပိန်ဖောင်းမှုယာ ဖြစ်ပေါ်လာက၊

ပိန်ကာ ခွက်ဝင် ဝါယောထင်အောင်၊ဉာဏ်အမြင်ဆိုက် သတိပိုက်၍

ပိန်တာမမြဲ ပိန်ဆင်းရဲ ပိန်တာထဲ ငါမပါ။ ဝါယောဓါတ်လို့သိစမ်း။

ဖောင်းဖောင်းကြွကြွ ဖြစ်ပေါ်လာက၊

ဖောင်းကြွကိုပင် ဝါယောထင်အောင်၊ဉာဏ်ယှဉ်သောအား သတိထား၍၊

ဖောင်းတာမမြဲဖောင်းဆင်းရဲဖောင်းတာထဲ ငါမပါ။

ဝါယောဓါတ်လို့သိ။ ပါးဖောင်းတာလား ဝါယောဓါတ်လား။ ဗိုက်ဖောင်းတာလား။ ဝါယောဓါတ်လား။ ဝါယောက ပရမတ်။ ပါးက ပညတ်။ ဝါယောက ပရမတ်။ ဗိုက်က ပညတ်။ ပညတ်ဆိုတာ ရှိတဲ့တရား ဟုတ်ကဲ့လား။ ခေါ်တာသမုတ်တာ နှုတ်ဖျားမှာ။ တွေ့တာက ဝါယောဓါတ်။ အဲလို စိစစ်ဖို့ မကောင်း လား။ သိတာက ကာယဝိညာဏ်။ ကဲနာမ်ရုပ် နှစ်ပါးပေါ့။ နာမ်နဲ့ရုပ်ပဲ တွေ့တယ်နော်။ ပါးတွေ့တာ လား နာမ်နဲ့ရုပ်လား။ဗိုက်တွေ့တာလား နာမ်နဲ့ရုပ်လား။ပါးက ပညတ်။ နာမ်ရုပ်က ပရမတ်။ ဗိုက်က ပညတ်။ နာမ်ရုပ်က ပရမတ်။ စဉ်းစားဖို့မကောင်းလား။ အဲလိုစိစစ်ဖို့လိုတယ်။ ထိထိမိမိလေ့လာ။ ဒါကြောင့်ပညတ်အာရုံ၊ ပရမတ်အာရုံ ။

<u>မပယ်ရတဲ့နေရာ ပယ်ရတဲ့နေရာ (သမီးစွဲဒိဋ္ဌိဖြုတ်။)</u>

သမီးလေးထင်လို့ ပါးလေးနမ်းကြည့်။ မွှေးတာဟေ့ ငါ့သမီးလေးက မွှေးတာ မပြောဘူးလား။ စိစစ်တော့။ တွေ့တာက သမီးတွေ့တာလား အနံ့တွေ့တာလား။သားတွေ့တာလား အနံ့တွေ့တာ လား။ သြော် စဉ်းစား။ ထင်တာက သမီး တွေ့တာက အနံ့။ ထင်တာက သား တွေ့တာကအနံ့။ အနံ့လို့နံ့သိတာ ဃာနဝိညာဏ်က နာမ်တရား။ အနံ့က ရုပ်တရား။ နာမ်ရုပ် နှစ်ပါး။ သမီးလား နာမ်နဲ့ရုပ်လား။ သားလား နာမ်နဲ့ရုပ်လား။အဲဒါ ပရမတ်ကွဲ့နော်။ ကဲ သမီးလို့ ဘယ်လောက်ပဲ့ ခေါ်ခေါ် နာမ်ရုပ်က သမီး ဖြစ်ကဲ့လား။သားလို့ သမုတ်ပြားသော်လည်း သားဖြစ်ရဲ့လား။ ဒါမို့ သူက ပရမတ် မဖောက်ပြန်ဘူးကွဲ့ကြားလား။ ပြောင်း များပြောင်းရဲ့လားဟဲ့။ မပြောင်းဘူး။ အဲလို လေ့လာဖို့ မကောင်းလား။

ဒီလိုဆိုတော့ သမီးကား တွေ့သေးလား။ သားကား တွေ့သေးလား။ သမီးလည်း မတွေ့ သားလည်း မတွေ့ လူကား တွေ့ပါမလား။နတ်ကား တွေ့ရဲ့လား။ ဗြဟ္မာကား တွေ့ရဲ့လား။ ဘာဖြစ်လို့ မတွေ့တာလဲ။ မရှိလို့။ တွေ့တာက နာမ်နဲ့ရုပ်။ ကဲ အဲဒါ စိစစ်ဖို့ လိုတယ်နော်။ သို့သော် ပယ်ပုံ ပယ်နည်း မပယ်ရတဲ့ နေရာ ပယ်ရတဲ့နေရာ စိစစ်ဖို့လိုတယ်။ မလိုပေဘူးလား။ ကဲတွေ့တာက သမီးလား နာမ်နဲ့ရုပ်လား။သားလား နာမ်နဲ့ရုပ်လား။နာမ်ရုပ်ပဲတွေ့တယ်။ အဲဒီ နာမ်ရုပ်တရားနှစ်ပါး အပေါ်မှာ ဌာနုပစာရအားဖြင့် တင်စားပြီးတော့ သမီးလို့ မခေါ်လား။ သားလို့ မခေါ်လား။ မြတ်စွာဘုရားက ညီတော်အာနန္ဒာလို့မခေါ်လား။ သားတော်ရာဟုလာလို့ မခေါ်လား။ ချစ်သမီး ချစ်သားလို့ မခေါ်လား။ ဘုရားပယ်ရဲ့လား။ သမုတ်ရှိနော်။ နှုတ်ဖျားမှာကွဲ့ မပယ်ဘူး။

ဘာတွေပယ်တာလဲလို့ စိစစ်ဖို့မကောင်းလား။ ကဲ သမီးလေး ထင်လို့ သေချာလက်နဲ့ ကိုင်စမ်းကြည့်။ သမီးတွေ့မလား မာတာတွေ့မလား။သမီးတွေ့မလား ပျော့တာတွေ့မလား။မာတာ ပထဝီ ပျော့တာ ပထဝီပေါ့။ မာတယ်ပျော့တယ်သိတာ သူငါလား ကာယဝိညာဏ်လား။ ကာယ ဝိညာဏ်က နာမ်တရား မရလား။ မာတာ ပျော့တာက ရုပ်တရား မရလား။ နာမ်ရုပ် နှစ်ပါးပေါ့။သားလား နာမ်နဲ့ရုပ်လား။ သမီးလား နာမ်နဲ့ရုပ်လား။ ကဲ နာမ်ရုပ်တွေ့ပြီ။ သားလည်း မတွေ့ သမီးလည်း မတွေ့။ဘာဖြစ်လို့ မတွေ့တာလဲ။ မရှိလို့ပါဘုရား။ အဲဒါ ယုံကြည်ရဲ့လား။ယုံကြည်ရင် ဒိဋ္ဌိပြုတ်ပြီဗျ။ ဒိဋ္ဌိ ပြုတ်ပြီ။

တွေ့တာက နာမ်ရုပ်ပဲ တွေ့တယ်နော်။ နာမ်ရုပ်ကို သမီးလို့တော့ မခေါ်ရပေဘူးလား။ သားလို့ မခေါ်ရဘူးလား။ ပုဂ္ဂိုလ် သတ္တဝါလို့ မခေါ်ရဘူးလား။ အဲဒါသမုတ်ရှိ အခေါ်ရှိ။ ဒီလိုမှမခေါ် လောကထဲမှာ ပြောလို့ ဆိုလို့ဖြစ်ပါ့မလား။ ထမင်းစားကြည့် ဟင်းက ဆား…ဆားမခတ်မိဘူးပေါ့ စားတဲ့အခါ နှိုက်ကြည့်တဲ့အခါ ဟင်း ဆားယူခဲ့စမ်း…မပြောရဘူးလား။ ယူချေစမ်းဟေ့ ဆိုတော့ ဘာ ယူရမယ်လို့ သိပါမလား။ ဆားယူခဲ့လို့ ပြောရတာကွဲ့။ စဉ်းစားဖို့ မကောင်းလား။ ဒေး ဒါတော့ငရုတ်သီး ယူခဲ့ ဘာယူခဲ့ ညာယူခဲ့။ ဟိုမှာသံပရာသီးယူခဲ့မပြောရဘူးလား။ သမုတ်ရှိသမုတ်ရုံ မမှန်ဘူးလား။ အဲဒါနှုတ်ဖျားမှာဗျ။သမုတ်ရှိ အခေါ်ရှိနော်။ မသမုတ်လည်း ရှိ သမုတ်လည်းရှိ အဲဒါနားလည်ဦး။ စိစစ်ဖို့မကောင်းလား။ အဲဒါပညတ်အာရုံ ပရမတ်အာရုံ ပိုင်းခြားသိဖို့လိုတယ်။ သမီးက ပညတ်။ နာမ်ရုပ်က ပရမတ်။ သားက ပညတ်။ နာမ်ရုပ်က ပရမတ်။ စဉ်းစားဖို့မကောင်းလား။

<u>ဆိုးကောင်းနှစ်ပါးလွတ်၊(ငရုတ်သီးဥပမာပြ။)</u>

ကဲတခါ လေ့လာကြဦး။ များသောအားဖြင့် ထမင်းစားတဲ့ပုဂ္ဂိုလ်တွေဟာ ငရုတ်သီး ကြိုက်တယ်သူ စားနိုင်တဲ့သူက များတယ်။ မစားနိုင်တဲ့သူက နည်းတယ်။ ငရုတ်သီး မစားနိုင်တဲ့သူ ငရုတ်သီး

ဝယ်ပါမလား။ အလကားပေးရင်ကား စားပါမလား။ မစားဘူးကွဲ့။ ကဲ အဲဒီ မစားနိုင်တဲ့ပုဂ္ဂိုလ်က ဟင်း နှိုက်လိုက်တယ်။ ကြက်သားဖက်ကို ဆယ်စားလိုက်တာ။ ငရုတ်သီးတောင့်လေးကို ဝါးမိတော့ တာ။ ပြန်လို့ မထွေးဘူးလား။ ထွေးမလား။ ထွီ.. ထွေးပစ်တာ။ ကဲစပ်တာ အရသာကို ပျက်သွား တယ်။ ကြားလား။ ကဲ... ထွေးပစ်တာ။

ကဲ ဟိုတယောက်က စားနိုင်တဲ့ ပုဂ္ဂိုလ်က ငရုတ်သီး မပါတဲ့ အခါ သူ့စိတ်ထဲမှာ ဟာတာတာ ပေါ့သွပ်သွပ်ကြားလား။ ငရုတ်သီး တောင့်လေး နောက်မှ ဝါးမိတာ အခုမှ အရသာ တွေ့တာ။ ကဲ တစ်ယောက်က စားနိုင်တဲ့ပုဂ္ဂိုလ်ကလေ အခုမှ အရသာ တွေ့တယ်တဲ့။ ကဲ အဲဒီငရုတ်သီး စဉ်းစား နော်။ စားတုန်းက ငရုတ်သီး စားတာ။ တွေ့တော့ ငရုတ်သီး တွေ့တာလား စပ်တာ တွေ့တာလား။ စပ်တာ တွေ့တယ်နော်။ ကဲ အဲဒီ မစားနိုင်တဲ့လူ ငရုတ်သီး မကောင်းဘူးလို့ သူက မကန့်ကွက်ဘူး လား။ မကောင်းဘူး တဲ့ ငရုတ်သီးဟာ ။ ဝယ်လည်း မဝယ်ဘူး ပေးတာလည်း မစားဘူး။ ကန့်ကွက် တယ်။ မကောင်းဘူး။ စားနိုင်တဲ့သူက ကောင်းတယ်တဲ့ ထောက်ခံတယ်။ ထောက်ခံတာ ကောင်း တယ်တဲ့ ငရုတ်သီးကို။ စားနိုင်တဲ့သူက လေ။ မစားနိုင်တဲ့သူက ကန့်ကွက်တယ် မကောင်းဘူးတဲ့။ အဲသည် နှစ်ယောက်ဟာ ဘယ်က မှန်မလဲ။ ဟင်...ဘယ်က မှန်မှာလဲ။ ကဲ စိစစ်ကြ။ တရားနာ တရား အစစ်ကို ပြောနေတာ။ အဖြေမလာဘူး။အဖြေမထွက်ဘူး။ စဉ်းစားဖို့ မကောင်းလား။ အဲဒါ အဖြေ လိုတာပျ။

တစ်ယောက်က မကောင်းဘူးလို့ ကန့်ကွက်တယ်။ တစ်ယောက်က ကောင်းတယ်လို့ ထောက်ခံ တယ်။ စားတုန်းက ငရုတ်သီး တွေ့တာက စပ်တဲ့သဘော။ ငရုတ်သီးနဲ့ပတ်သတ်ပြီးတော့ လူမျိုး တစ်ရာ့တစ်ပါး တူရဲ့လား။ တစ်ရာ့တစ် မျိုးပေါ့။ ငရုတ်သီး နာမည်လေ။ စပ်တာကျတော့ တစ်မျိုးတည်း မနေဘူးလား။ စပ်တာ ကျတော့ အကုန်လုံး မတူလား။ တူတယ်ကွဲ့။ ငရုတ်သီး ကျတော့ တူပါ့မလား။ မတူဘူးပေါ့။ စပ်တာကျတော့ မတူဘူးလား။အဲဒါ ပရမတ်သဘောကွဲ့။ စဉ်းစားဖို့ မကောင်းလား။ စဉ်းစားနော်။ မင်း ကောင်းစေ မင်း မကောင်းစေနဲ့ ...ပါပ့်မလား။ မပါဘူး ဘယ်သူ့မျက်နှာမှ မလိုက်ဘူး။ စပ်တာက။ လိုက်ပါမလား။ ဘယ်သူ့ မျက်နှာမှ မလိုက်ဘူး။ စပ်တာက တော့ တူနေတာကွဲ့။ကဲ စပ်တာက သက်သေ မခံဘူးလား။

ဆိုးကောင်း နှစ်ပါးက သူတို့စိတ်မှာ ဖြစ်တာ။ သောမနဿဝေဒနာ စိတ်မှာပေါ်သည်။ စားနိုင်တဲ့ ပုဂ္ဂိုလ်က ကောင်းတာကွာ ထောက်ခံတယ်။ မစားနိုင်တဲ့ပုဂ္ဂိုလ်က ထွီ ထွေးပစ်တာ။ ဒေါမနဿ ဝေဒနာ စိတ်မှာပေါ်သည်။ သူ့မှာဖြစ်တာ။ အဲ စပ်တဲ့အရသာက ဥပေက္ခာဝေဒနာ လျှာမှာပေါ်သည်။ ဟော ဆိုးကောင်းနှစ်ပါး လွတ်မနေဘူးလား။ ရာဂ၊ ဒေါသ၊ မောဟ ဖြစ်ပါမလား။ တဒင်္ဂနိရောဓ။ကဲ

မြိုကြည့်လိုက် ရှိသေးရဲ့လား။အနိစ္စလက္ခဏာလို့မပြောဘူးလား။ ကဲ စပ်တာ တွေ့သေးလား။ မတွေ့တော့ဘူးနော်။ မရှိတာအနိစ္စ သိတာမဂ္ဂလို့မပြောဘူးလား။ ကဲ သဘောမကျတဲ့ ဒေါသ ကား လာဦးမလား။ သဘောကျတဲ့ လောဘကား လာဦးမလား။ အနိစ္စကွဲ့။ အနိစ္စမြင်မှ စိတ်ချ ရတယ်လို့ မပြောဘူးလား ပေ့။ အဲတော့ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ၊ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ၊ အနတ္တလက္ခဏာ ဒုက္ခသစ္စာ၊ ချမ်းသာတာ တွေ့ရဲ့လား။ မတွေ့ဘူး။ စဉ်းစားနော်။

ဒုက္ခဝေဒနာ+ဒုက္ခသစ္စာ။

ကဲ ဘုန်းကြီးတို့ ခြေကျဉ်တယ် နာမယ်။ ကျဉ်တယ်ဆိုတာ ...ဒါ ဒုက္ခဝေဒနာ ကွဲ့။ စဉ်းစားဖို့ မကောင်းလား။ ဒုက္ခဝေဒနာ ကိုယ်မှာ ပေါ်သည်။ မပြောဘူးလား။ ကဲ နှိပ်စမ်းပေ့ နှိပ်။ တော်တော်လေး နှိပ်တော့ အခု ပြောတဲ့ တေဇောဘမ်းလေးလိမ်းတော့ သက်သာ မသွားဘူး လား။ သုခဝေဒနာ ကိုယ်မှာ ပေါ်သည်။ ပေါ မပေါ။ ဩော် ကိုယ်မှာ ပေါ်တာနော်။ စဉ်းစားဖို့ မကောင်းလား။ ကဲ အဲဒီ ဒုက္ခဝေဒနာ သုခဝေဒနာ အမြဲတမ်း ဖြစ်တာလား။ ဆယ်ခါ တစ်ခါလား။ ဆယ်ခါ တစ်ခါ နော်။

ဆယ်ခါ တစ်ခါဆိုတဲ့ ကိစ္စ မြတ်စွာဘုရားပြောတာက ဝိပဿနာဉာဏ် မဂ်ဉာဏ်နဲ့ ပတ်သက်ပြီး တော့မှ ဒုက္ခသစ္စာ ဆိုတဲ့ တရားဟာ ဖြစ်ပျက်ဒုက္ခသစ္စာလို့ မပြောဘူးလား။ နဒီသောတော ဝိယ လို့ မပြောဘူးလား။ မြစ်ရေများ ရပ်တယ်လို့ရှိရဲ့လား။ တသွင်သွင်စီးဆင်းနေတာနော်။ အဲတော့ ကာ တော်တုန်းကခံပြင်းပြီးတော့ ဖြစ်လာခဲ့တာ။ ဒုက္ခဝေဒနာ ကိုယ်မှာပေါ်သည် လို့ မပြောဘူး လား။ ကဲ သက်သာ သွားတော့ သုခဝေဒနာ ကိုယ်မှာ ပေါ်သည်လို့ မပြောဘူးလား။ ဝေဒနာဗျာ့။ ဒုက္ခသစ္စာ မဟုတ်ဘူး။ ဒါ ဝေဒနာ။

ဝေဒနာ ရှိတာ အဲလို စိစစ်ဖို့ မကောင်းလား။ ဒုက္ခသစ္စာ ဟုတ်ကဲ့လား။ ကဲ အခု ကောင်းလိုက် မကောင်းလိုက် လေ။ ဒုက္ခသစ္စာ ဆိုတော့ ကောင်းတာ ပါသေးရဲ့လား။ တစ်ဖြစ်တည်း ဖြစ် တစ်ပျက်တည်း ပျက်တယ် ဘာသစ္စာလဲ။ နဒီသောတော ဝိယလို့ မပြောဘူးလား။ အဲ အခု ကောင်းလိုက် မကောင်းလိုက် ကိုယ်မှာ ဖြစ်တာ။ အဲဒီလိုသာ ကိုယ်မှာ ဖြစ်တဲ့ ဝေဒနာသာ ဝိပဿနာ ထိုက်ရင် ဆေးရုံမှာရှိတဲ့ သူနာတွေဟာ နိဗ္ဗာန်သူတို့အရင်ရမှာ။ ယုံရဲ့လား။ ဒါ ဝေဒနာ ကွဲ့။ အဲလို စိစစ်ဖို့ မကောင်းဘူးလား။ သစ္စာက သစ္စာ။ သစ္စာဆိုတာ ဆင်းရဲတာအမှန် ။ကဲ ဆင်းရဲတယ်ဆိုတာ ကောင်းတာ ပါရဲ့လား။ခုတော့ ကောင်းလိုက် မကောင်းလိုက်ပါတကား ကွဲ့။

ဒါမို့ သုခဝေဒနာ ကိုယ်မှာပေါ်သည်။ ဒုက္ခဝေဒနာ ကိုယ်မှာပေါ်သည်။ မပြောဘူးလား။ အဲ ဥပေက္ခာ ဝေဒနာ ယှဉ်ကြည့်။ မဖျှိမပဋ္ဌိပဒါလို့ မပြောဘူးလား။ မဂ္ဂင်အကျင့်။ ဆိုးကောင်းတရား

နှစ်ပါးလွတ်တဲ့တရား။ဒါ ။ သောမနဿဝေဒနာ စိတ်မှာ ပေါ်သည်။ ဒေါမနဿဝေဒနာ စိတ်မှာ ပေါ်သည်။ သုခဝေဒနာ ကိုယ်မှာပေါ်သည်။ ဒုက္ခဝေဒနာ ကိုယ်မှာပေါ်သည်။ ဉပေက္ခာ ဝေဒနာ မျက်စိ နား နှာ လျှာ လို့ မနေဘူးလား။ စဉ်းစားဖို့ မကောင်းလား။ ကဲ သေချာကြည့်။

စပ်တဲ့သဘောက ဘယ်သူ့မျက်နှာမှ မလိုက်ဘူး။ မင်းကို ကောင်းစေ။ မင်းကို မကောင်းစေနဲ့ ပါရဲ့လား။ စပ်တာတော့ကာ ဘယ်သူ့ မျက်နှာမှ မလိုက်ဘူးနော်။ အကုန်လုံး မတူဘူးလား။ တူတယ်။ ဆိုးတာမပါ ကောင်းတာ မပါဘူး။ အဲဒီ နေရာကို သိဖို့ လိုတာ။ ဉပေက္ခာဝေဒနာ လျှာမှာပေါ်သည်။ မဟောဘူးလား။ မျိုကြည့်လိုက် ရှိသေးရဲ့လား။ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ၊ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ၊ အနတ္တလက္ခဏာ ဒုက္ခသစ္စာ၊ ကဲ ဘယ်လောက်များ ထင်ရှားသလဲ။ ဒီလို လေ့လာဖို့ မကောင်းဘူး လား။ စဉ်းစား။

<u>တမာရွက်ဉပမာ။</u>

ကဲ တခါ တမာရွက် အစိမ်းသုပ် လိုက်တာ။ မြေပဲဆန်လည်း မထည့် ဒီတိုင်းပေါ့ ။ဒီတိုင်းထည့် သုပ်လိုက်တာ။ အဲတော့ စားကြည့်တဲ့အခါ စားစရိတဲ့ပုဂ္ဂိုလ်ကတော့ ခံတွင်းသာလို့ နေတာပေါ့။ အခုမှ ခံတွင်းသာတယ် အခါးခါတ်လေး။ အခါးကြိုက်တဲ့သူ လေ။ကဲ ဟိုလူက သုပ်လိုက်တော့ကာ တမာရွက်က မသိ နှိုက်စားကြည့်တာ ခါးလို့ ပြန်ထွေးပစ်တာ။ သေပါတော့ကွာ ခါးတာဟော့။ အရသာကို ပျက်ကုန်ပြီကွာ။ ကြားလား။ ကဲသူ့အတွက်တော့ မကောင်းဘူးပေါ့။ စဉ်းစားဖို့ မကောင်း လား။

ကြိုက်တဲ့ လူကတော့ အခါးကြိုက်တဲ့ လူက ကောင်းတယ်။ မကြိုက်တဲ့လူက မကောင်း။ နှစ်မျိုး ထွက်မလာဘူးလား။ ခါးတဲ့သဘော သဘာဝက တရားက မင်းကိုကောင်းစေ မင်းကို မကောင်းစေ နဲ့ ပါရဲ့လား။ ခါးတာတော့ ဘယ်သူ့မျက်နှာမှ မလိုက်ဘူး။ အဲဒီ သဘောတရားကို သိဖို့လိုတယ်။ စဉ်းစားဖို့ မကောင်းလား။ သဘာဝဉာဏ် သဘာဝဉာဏ်လို့ မပြောဘူးလား။ ပါးစပ်က ပြောတာ ကိုယ်က မသိ။ သူ့သဘာဝတွေ သိဖို့လိုတာ။ စဉ်းစားဖို့ မကောင်းလား။ ကဲ ခါးတာ သူ့သဘာဝ။ ကောင်းတာမပါ ဆိုးတာမပါ။ ကောင်းတာဆိုးတာ ကိုယ့်စိတ်ကလုပ်တာ။ အဲဒီစိတ်ကို မြင်အောင် ကြည့်။ ဒါ လိုတာ မဟုတ်ဘူးလား လို့။ ကဲ တရားထိုင်တာ ဒီနေရာ ရောက်အောင် လိုတာ။ စဉ်းစားဖို့ မကောင်းလား။ ထိထိ...လေ့လာ။

<u>အာရုံမှန်တော့ သဒ္ဓါမှန်တယ်</u>

ကဲ ထိုင်ကြည့် လိုက်။ စိတ်ထဲ ဉာဏ်ထဲ ထိုင်။ တင်ပါးနဲ့ကြမ်းနဲ့ မထိဖူးလား။ ထိရင် သတိလို့ ဟော မဟော။ သတိပြု လိုက်တာနော်။ သတိပြုတဲ့အခါ ကာယအကြည်ရှိတော့ကာ ဖောဋ္ဌဗ္ဗ...။

မာသဘော မာဓါတ် မတိုက်ဘူးလား ဟော့။ သိတဲ့စိတ်လေး မပေါ်လား။ ကြမ်းလို့ သိတာလား မာတာလို့ သိတာလား။ ဩော် မာတယ်လို့ သိတာ။ အာရုံ အာရမ္မဏိက လို့ မဟောဘူးလား။ ဖောဋ္ဌဗ္ဗာရုံ … ပထဝီ ဖောဋ္ဌဗ္ဗာရုံ။ အာရုံ အာရမ္မဏိက။ မှန်နေတာ မာတဲ့သဘော။ သိတာလေးက မာတဲ့သဘော အာရုံက မာတယ်လို့ မပြဘူးလား။ အာရုံ အာရမ္မဏိက အာရုံမှန်တော့ သဒ္ဒါ မှန်တယ်။ ကဲ စဉ်းစား။ အဲလို စိစစ်ဖို့ မကောင်းလား။ ကြမ်းလား မာတဲ့ သဘောလား။ တင်ပါးလား ကာယအကြည်လား။ ကဲ နှစ်ခုထိတော့ သိတဲ့ စိတ်မပေါ်လား။ တစ်ဝိညာဏ်တည်း ထိလို့ သိလို့ ဖြစ်ကဲ့လား။ ဘာကြောင့် မဖြစ်သလဲ။ နင်တို့ ပါးစပ်ကတော့ အနိစ္စ အနိစ္စ ဒုက္ခ ဒုက္ခ အနတ္တ အနတ္တ ပြောပါတကား ဟော့။ အနတ္တ။

သူ့ တခုတည်းက မာလို့ဖြစ်ရဲ့လား။ သိတဲ့စိတ်ကလည်း တစ်ဝိညာဏ်လည်း သိလို့ဖြစ်ရဲ့လား။ မဖြစ်ရင် သူနဲ့ သဟဇာတ ဖြစ်တဲ့ ဝေဒနာ သညာ စေတနာ မပါပေ ဘူးလား။ မာတယ်လို့ခံစားတာ သူငါလား ဝေဒနာ လား။ လူနတ်ပြဟ္မာလား၊ဝေဒနာလား။ မာတယ်လို့ မှတ်တာ လူနတ်ပြဟ္မာလား သညာလား။ ခံစားနိုင်အောင် စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလား စေတနာလား။ ဝေဒနာ သညာ စေတနာ သုံး ခုပေါင်းတော့ အပေါင်းက ခန္ဓာ။ နာမက္ခန္ဓာ။ ဟော ပေါင်းမှ သိတာ။ သူကိုယ်တိုင်က သိနိုင်တဲ့ ခံစားနိုင်တဲ့ သတ္တိ မရှိ။ ရှိပွဲမလား။ ပင်ကိုယ်က ဝေဒနာကိုက အနတ္တ တရား။ ဝေဒနာ… အနတ္တ။ သညာလည်း အနတ္တ မရဘူးလား။ သင်္ခါရ အနတ္တ မရဘူးလား။ ဝိညာဏက္ခန္ဓာ အနတ္တ မရဘူးလား။ ငါးပါးစလုံး အနတ္တတရား။အတ္တလား အနတ္တလား။ဒီလိုဆို ငါလို့ ယူဦးမလား။ ဒိဋ္ဌိ မပြုတ်ဘူးလား။ အဲလို စိစစ်ဖို့လိုတယ်။

ဒါကြောင့် အပေါင်းက ခန္ဓာ ဝိညာဏက္ခန္ဓာ။ နာမက္ခန္ဓာ လေးပါး။ ကာယအကြည်က လူနတ်ပြဟ္မာ ဟုတ်ကဲ့လား။ မာတယ်ဆိုတဲ့ ပထဝီက ကြမ်း ဟုတ်ကဲ့လား။ ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာမရဘူးလား။ နာမက္ခန္ဓာ လေးပါးနဲ့ ရူပက္ခန္ဓာ ပေါင်း။ ခန္ဓာငါးပါး။ ဒါ သက္ကာယလို့ မဟောဘူးလား။ ကဲ လူရော ရှာလို့ တွေ့သေးရဲ့လား။ နတ်ကား တွေ့သေးရဲ့လား။ ပြဟ္မာကား တွေ့သေးရဲ့လား။ ဘာဖြစ်လို့ မတွေ့တာ လဲ။ မရှိလို့။ မရှိဘူးဆိုတာ ယုံကြည်ဖို့လိုတယ်။

မရှိဘူးလို့ သိ။ စွဲစရာ လိုသေးရဲ့လား။ စွဲစရာ မလိုတော့ဘူး။ စဉ်းစား နော်။ အာရုံ မှန်တော့ သဒ္ဒါ မှန်တယ်။ ယုံကြည်ပါ အာရုံက တွေ့နေတာ ခန္ဓာပဲ တွေ့တယ်။ လူတွေ့တာလား ခန္ဓာငါးပါးလား။ နတ် တွေ့တာလား ခန္ဓာငါးပါးလား။ ပြဟ္မာ တွေ့တာလား ခန္ဓာငါးပါးလား။ အာရုံမှန်တော့ သဒ္ဒါ မှန်တယ်။ ခန္ဓာငါးပါး တွေ့ပြီ။ လူရှိတယ် နတ်ရှိတယ် ပြဟ္မာရှိတယ် သုံးဆယ့်တစ်ဘုံ ရှိတယ်လို့

ပြော သူ လက်ခံပါတော့မလား။ လက်မခံဘူး။ အာရုံ မှန်တော့ သဒ္ဓါမှန်တယ်။ ယုံကြည်ပြီ … ခန္ဓာကို။

ဆက်ပြီး တော့ ကြိုးစားဖို့ မကောင်းလား။ ဆက်ပြီးတော့ ကြိုးစားတဲ့ အခါကျတော့ ပြန်စဉ်းစား။ ရူပက္ခန္ဓာကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား။ ဝေဒနာက္ခန္ဓာကလည်း ခံစားပြီးတော့ မပျက်လား။ သညာက္ခန္ဓာက မှတ်ပြီးတော့ မပျက်လား။စေတနာ သင်္ခါရက္ခန္ဓာက စေ့ဆော်ပြီးတော့ မပျက်လား။ ဝိညာဏက္ခန္ဓာက သိပြီးတော့ မပျက်လား။ကဲ အာရုံက ပျက်တယ်ဆိုတော့ နိစ္စလား အနိစ္စလား။ အာရုံက အနိစ္စလို့ပြတော့ သိတဲ့ဉာဏ်လေးက အနိစ္စလို့မသိလား။ အာရုံ အာရမ္မဏိက ။ အာရုံက အနိစ္စလို့ပြတယ် သိတဲ့ ဉာဏ်က အနိစ္စလို့သိတယ်။ အာရုံက ဒုက္ခလို့ မပြဘူးလား။ သိတဲ့ဉာဏ်က ဒုက္ခလို့ မသိဘူးလား။ အာရုံက အနတ္တလို့မပြဘူးလား။ သိတဲ့ဉာဏ်က အနတ္တလို့ မသိဘူးလား။ အာရုံ အာရမ္မဏိက ။အာရုံမှန်တော့ သဒ္ဓါမှန်တယ်။ ယုံကြည်ပြီ။

အနိစ္စ ဒုက္ခ အနတ္တ စုလိုက်တော့ ဖြစ်ပျက်လို့မဟောဘူးလား။ ဘာသစ္စာလဲ။ သြော်…ဒုက္ခသစ္စာ။ လူချမ်းသာလား ဒုက္ခသစ္စာလား။ နတ်ချမ်းသာလား။ ဒုက္ခသစ္စာလား။ ဗြဟ္မာချမ်းသာလား။ ဒုက္ခသစ္စာလား။ အာရုံမှန်တော့ သဒ္ဓါမှန်တယ်။ ယုံကြည်ပြီ ဒုက္ခသစ္စာဆိုတာ ယုံကြည်ပြီ။ ယုံကြည်တဲ့အခါ သူကို လူချမ်းသာရှိတယ်ပြော သူလက်ခံပါ့မလား။ နတ်ချမ်းသာရှိတယ်ပြော သူ လက်ခံပါ့မလား။ ဗြဟ္မာ ချမ်းသာရှိတယ်ပြော သူ လက်ခံပါ့မလား။ တွေ့နေတာက ဒုက္ခသစ္စာကိုး ကွဲ့။ လူချမ်းသာတွေ့တာလား။ ဒုက္ခသစ္စာလား။ နတ်ချမ်းသာ တွေ့တာလား။ ဒုက္ခသစ္စာလား။ ဗြဟ္မာ ချမ်းသာ တွေ့တာလား။ ဒုက္ခသစ္စာလား။အာရုံ အာရမ္မဏိက။ အာရုံမှန်တော့ သဒ္ဓါမှန်တယ်။ ယုံကြည်ပြီ အဲလို စိစစ်ဖို့ မကောင်းလား။ ကဲသိပယ်လို့မဟောလား။

ဆင်းရဲတယ်လို့ သိတော့ နောင်တဖန် ဒီခန္ဓာမျိုးကို ရချင်သေးရဲ့လား။ မရချင်တော့ဘူးနော်။ မရချင်တော့ အဲဒီခန္ဓာက လွတ်ချင်တော့ မလှူရဘူးလား။ ကျောင်းကြီး ဆောက်လှူလိုက်စမ်း။ အာရုံက ခန္ဓာက လွတ်ချင်ပြီးတော့မှ။ ဘုရား တည်လိုက်စမ်း။ ကျောင်းမှာ ရှိတဲ့ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း လေးပါး ဒါယကာ ခံလိုက်စမ်း။ ကဲ ခန္ဓာက လွတ်ချင်လို့ ။ အဲလို လှူမယ်ဆို မဂ္ဂနိရောဓ လို့ မဟောလား။ တွယ်တာတဲ့ သမုဒယ ပါသေးလား ဟဲ့။ အေး အဲဒါ လိုတာဗျ။ စဉ်းစားဖို့ မကောင်းလား။

ကဲ တခါ အဲဒီခန္ဓာတရား သစ္စာတရား ပဋိစ္စသမုပ္ပါဒ်တရားကို ဟောသူပြောသူမရှိဘူး။ ဟောသူ ပြောသူ မရှိရင် သစ္စာတို့ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်တို့ သိပါ့မလား။ မသိရင် ကိုယ်လာတာ ဘယ်ဆီက လဲလို့ ပြန်လှည့်ကြည့်ဖို့ မကောင်းလား။ လှည့်ကြည့်တော့ ပုညာဘိသင်္ခါရကွဲ့ ကိုယ်လာခဲ့တဲ့လမ်း။

ဒါနကုသိုလ် သီလကုသိုလ်။ အဲဒီ သီလကုသိုလ်ကြောင့် လူအဖြစ်ကိုမရလား။ ဒါ ကိုယ်လာခဲ့တဲ့ လမ်းနော်။ ဒါတော့ ဒါနကုသိုလ် မလုပ်ရဘူးလား။သီလ မလုပ်ရဘူးလား။ ဆောက်တည်ရမယ်။ ဒါမှ မလုပ်ရင် အပါယ်သွားတော့မှာကွဲ့။ ဒါန သီလမလုပ်ရင် အပါယ် တစ်လမ်းသွားနော်။ အဲဒီ ဒါန ကုသိုလ် သီလကုသိုလ် ကြောင့် လူ့အဖြစ်ကို ရခဲ့တာ နတ်အဖြစ်ကိုရခဲ့တာ။

သစ္စာတရား ခန္ဓာတရား ပဋိစ္စသမုပ္ပါဒ်တရား ကို ဟောသူ ပြောသူရှိရင် ကဲ ဒီတရားကို ငါ မသိရင် မနေဘူးလို့ ကြိုးစား အားထုတ်ဖို့ မကောင်းလား။ ကဲ အားထုတ်။သိပြီဆိုတဲ့ အခါကျ ပုညာဘိသင်္ခါရ မလုပ်တော့ဘူးနော်။ ဘာလုပ်မလဲလို့ စိစစ်ဖို့မကောင်းလား။ ခန္ဓာက လွတ်ချင်လို့ လှူတဲ့ အလှူ ကျွတ်ချင်လို့ လှူတဲ့ အလှူဆိုတာ အသင်္ခါရ။ စိစစ်ဖို့ မကောင်းလား။ ကဲ အဝိဇ္ဇာ မချုပ်ဘူးလား ချုပ်မလား။ အဝိဇ္ဇာချုပ်ရင် သင်္ခါရဘယ်ကလာမှာလဲဟေ့။ လာပါမလား။ မလာတော့ဘူး။ သင်္ခါရနော်။ သင်္ခါရ မလာ... ခန္ဓာ ပေါ်ပါ့မလား။ အေး နောင်တဖန် ခန္ဓာ မလိုချင်လို့ လှူတာ။

ရှိတဲ့ခန္ဓာကတော့ မလွတ်ဘူး။ ဒီခန္ဓာကတော့ အကျိုးတရား လွတ်ပါ့မလား။ ညောင်းမယ် ညာမယ် ကိုက်မယ် ခဲမယ် ပူတယ် အေးတယ် ဝိပါကဝဋ်ခန္ဓာ လို့ မဟောဘူးလား။ မလွတ်ဘူး သူကနော်။ အကျိုး တရားကိုး။ သိရမည့် တရား။ ပယ်ရမည့်တရား မဟုတ်ဘူး။ သိပယ်လို့ မဟောဘူးလား။ သိရမည့် တရားက ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ  ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး။ အဲဒါ လူလား ခန္ဓာငါးပါး လား။ ခန္ဓာလို့ တကယ်သိတဲ့ ပုဂ္ဂိုလ် လူစွဲဒိဋ္ဌိ နတ်စွဲဒိဋ္ဌိ ခန္ဓာစွဲဒိဋ္ဌိ ပြဟ္မာစွဲဒိဋ္ဌိ မပြုတ်ဘူးလား။ ဒိဋ္ဌိပြုတ်ရင် ပြဟ္မာကြီး လေးဦး ဖန်ဆင်းတယ် ထာဝရဘုရား ဖန်ဆင်းတယ် ဗိသနိုးနတ် ဖန်ဆင်းတယ် လို့ယူဦးမလား။ ဝိစိကိစ္ဆာမချုပ်လား။ အဲဒါ အာသဝအနေနဲ့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ ချုပ်တယ်လို့မဟောလား။

ဆက်ပြီးတော့ ကြည့်တော့ အဲဒီခန္ဓာကြီးက ငါးပါးစလုံး နိစ္စလား အနိစ္စလား။ အနိစ္စ မမြဲခြင်း တရား သည် ဆင်းရဲတဲ့ တရားလား ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့တရား...သုခလို့ခေါ်မလား ဒုက္ခလို့ ခေါ်မလား။ ဒုက္ခတရားကို ပိုင်သူရှိရဲ့လား။ သတ္တဝါ အလိုသို့ လိုက်ရဲ့လား။ အကြိုက်သို့ ပါရဲ့လား။ အနတ္တလို့ မဟောဘူးလား။ အနိစ္စ ဒုက္ခ အနတ္တ။ အနိစ္စ ဒုက္ခ အနတ္တ စဉ်းစားနော်။ဒါတော့ ခန္ဓာငါးပါးနဲ့ အနိစ္စ တရားနဲ့ ပိုင်းခြားဖို့ မလိုလား။ ဒုက္ခတရားနဲ့ ခန္ဓာငါးပါးနဲ့ ပိုင်းခြားဖို့မလိုလား။ အနတ္တ တရားနဲ့ ခန္ဓာငါးပါးနဲ့ ပိုင်းခြားဖို့ မလိုလား။ အနိစ္စတွေ့တဲ့အချိန် နာမ်ရုပ်တွေ့သေးရဲ့လား။ ဖြန့်လိုက်ရင်ခန္ဓာငါးပါး ချုံ့လိုက်ရင်နာမ်နဲ့ရုပ်။

ကဲ အနိစ္စတွေ့တဲ့အခါ နာမ်ရုပ်တွေ့သေးလား။ အနိစ္စတရားနဲ့ နာမ်ရုပ်ပိုင်းခြားဖို့ မလိုလား။ ဒုက္ခတရား တွေ့တဲ့အခါ နာမ်ရုပ် တွေ့သေးလား။ ဒုက္ခတရားနဲ့ နာမ်ရုပ်ပိုင်းခြားဖို့ မလိုလား။

အနတ္တ တရား တွေ့တဲ့အခါ နာမ်ရုပ်တွေ့သေးလား။ အနတ္တတရားနဲ့ နာမ်ရုပ်ပိုင်းခြားဖို့ မလိုလား။ ပိုင်းခြားဖို့ လိုတယ်နော်။ ဘာတွေ တွေ့လဲ။ တီရဏပရိညာ အနိစ္စ ဒုက္ခ အနတ္တတွေ့တယ်။ အနိစ္စ ဒုက္ခ အနတ္တ တွေ့တော့ နာမ်ရုပ် မတွေ့ဘူးပေါ့။ တီရဏပရိညာ။ နာမ်ရုပ်ကို တွေ့တဲ့အချိန် ခြေလက် အင်္ဂါတွေ တွေ့သေးရဲ့လား။ ခြေလက် အင်္ဂါမတွေ့ရင် လူနတ်ပြဟ္မာ တွေ့သေးရဲ့လား။ ဉာတပရိညာလို့ မပြောလား။ ပြော နာမ်ရုပ်ကို တွေ့တဲ့အခါ ဉာတပရိညာ။ ခြေလက်အင်္ဂါ မတွေ့။ ပြော သုံးဆယ့်နှစ် ကောဋ္ဌာသမတွေ့။ လူနတ်ပြဟ္မာ မတွေ့ တွေ့တာက နာမ်နဲ့ရုပ်။ နာမ်ရုပ်ကို တွေ့တော့ ဒိဋ္ဌိ မပြုတ်လား။ အနိစ္စ ဒုက္ခ အနတ္တ စုလိုက်တော့ ဖြစ်ပျက်လို့ မပြောလား။ ဘာသစ္စာလဲ။ ဒုက္ခသစ္စာ အမှန်သိ သွားပြီနော်။ အဲဒါအမှန်သိတာ ယထာဘူတဉာဏ်လို့ မပြောလား။ ဆင်းရဲတာက လွဲလို့ ရှိသေးရဲ့လား။

အဲလို ဒုတိယဆက်ပြီးတော့ ကြိုးစား။ ဖြစ်ပျက်ပဲ မတွေ့လား။ ဘာသစ္စာလဲ။ ဒုတိယကျ အသိဉာဏ်က ရင့်လာတယ်နော်။ ရင့်တော့ ခန္ဓာ လွတ်ချင်တဲ့ စိတ်တွေ ကျွတ်ချင်စိတ်တွေ မပေါ်လား။ နိဗ္ဗိန္ဒဉာဏ်လို့ မပြောဘူးလား။ အဲဒီပုဂ္ဂိုလ် အခါတိုင်းနဲ့ တူရဲ့လား။ အခါတိုင်းနဲ့ တူရဲ့လား။ အပြောအဆို အနေအထိုင်တွေ မှ ပြောင်းမသွားဘူးလား။ ငြီးငွေ့သွားပြီ လောက သုံးပါး ကို။ ကြားလား။ ပျင်းမုန်း ငြီးငွေ့ပြီ။ နိဗ္ဗိန္ဒဉာဏ် ။

တတိယ ဆက်ကြိုးစားကြည့် ဖြစ်ပျက်ပဲ မတွေ့လား ဘာသစ္စာလဲ။ ခြေအစ ခေါင်းအဆုံး တစ်ကိုယ်လုံး ရှာချင်သလိုရှာ သုခဆိုတဲ့တရားအပ်ဖျားတစ်ထောက်စာမျှ တွေ့ရဲ့လား။ အပ်ဖျား တစ်ထောက်စာမျှ သုခ မတွေ့တာ ရှိလို့လား မရှိလို့လား။ မရှိရင် ဒုက္ခအတိလို့ မပိုင်းခြားလား။ ပိုင်းခြား လိုက်တဲ့အချိန် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သီလမဂ္ဂင် သုံးပါး မဝင်လား။ ရှုဉာဏ်ငါးပါးနဲ့ ပေါင်းတော့ ရှစ်ပါး မပြည့်လား။ ရှစ်ပါးပြည့်တဲ့အချိန် ခန္ဓာငါးပါး တွေ့သေးရဲ့လား။ ဖြစ်ပျက်ကား တွေ့သေးလား။ လောကုတ္တရာလို့ မပြောလားဟဲ့။

သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် ဘာတွေပယ်တာလဲ စိစစ်ဖို့မကောင်းလား။ အနုသယ ကိလေသာ ပယ်တယ်။ ဘယ်အနုသယလဲ။ ဒိဋ္ဌိ ဝိစိကိစ္ဆာ အနုသယ ကိလေသာ ပယ်တော့ ပရိယုဋ္ဌာန မနောကံ လာသေးရဲ့လား။ မနောကံ မလာရင် ဝီတိက္ကမ ကာယကံ ဝစီကံတွေ လာသေးလား။ မလာရင် အပါယ်သွားတဲ့ကံတွေ မကုန်လား။ အပါယ်ခန္ဓာ ဇာတ် မသိမ်းလား။ ပဟာနပရိညာလို့ မပြောလား။ ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာ ဤဉာဏ် သုံးဉာဏ် ရတဲ့ပုဂ္ဂိုလ် အနမတဂ္ဂသံသရာမှစ ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကံဟောင်း ကြွေးဟောင်း အနန္တ ကမ္ဘာပထဝီ မြေကြီးနဲ့ အမျှဖြစ်တဲ့ အကုသိုလ်ကံတွေ အကျိုးပေးခွင့် ရသေးရဲ့လား ။ အကုန်လုံး

အပေါ်သိကံ ဖြစ်မသွားလားပေ့ါ။ အဲဒီဉာဏ်ကို ရအောင်ယူ လိုက်ကြ။ အဲဒီဉာဏ်ရ တဲ့အခါ နေ့တပြုံးပြုံး ညတပြုံးပြုံး နော်။ နေလည်းနေတတ်တယ် သေလည်းသေတတ်တယ်။ အနေလည်း ကောင်း အသေလည်း ကောင်းလို့ မပြောဘူးလား ပေ့ါ။ အဲဒါ လိုရင်းအချက်တွေကွဲ့ ကြားလား။ ကဲ ထိဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာ (ဒုက္ခသစ္စာ ပါဘုရား။) သိတာက (မဂ္ဂသစ္စာ ပါဘုရား။) သေတာက (သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာ မလာတာက (နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ…လေးကွက်။ (လေးကွက်ရှိပါတယ်ဘုရား။) တစ်ကွက်လျှင် ဘယ်နှစ်ပါး။ ငါးပါး။ (ငါးပါး ပါဘုရား။) ငါးလေးလီ (နှစ်ဆယ်) ဤရှစ်သွယ်ကို (အလွယ် ကျက်မှတ်သိစေအပ်သည်) သံသရာမှ လွတ်ကြောင်းတည်း။

(ဣမာယ အမျှဝေ။)

သာဓု..သာဓု..သာဓု…